# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ

# တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများအား

# လက်ခံတွေ့ဆုံ

နေပြည်တော်၊ အောက်တိုဘာလ ၁၉ ရက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် တရားလွှတ်တော် ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေးမဏ္ဍိုင်တွင် ပါဝင်ဆောင်ရွက် နေကြသူများအနေဖြင့် လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်တွင် မဏ္ဍိုင်ကြီး (၃) ရပ်ရှိသည့်အနက် မိမိတို့ လွှတ်တော်သည် ပြည်သူကရွေးကောက်တင်မြောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော် နှစ်ရပ်စနစ်ကို ကျင့်သုံးပါကြောင်း၊ မိမိတို့လွှတ်တော်များသည် တည်ဆဲဥပဒေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးဖြစ်ထွန်းစေမည့် ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ လိုအပ်ပါက ဥပဒေအသစ်များပြဋ္ဌာန်းခြင်းဖြင့် ဥပဒေပြုတာဝန်ကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် ပြည်သူများ၏အသံကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်းတာဝန်ကိုလည်းကောင်း၊ အခြားမဏ္ဍိုင်ကြီးများနှင့် ပေါင်းစပ်

ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူနှင့်အစိုးရကြား ပေါင်းကူးပေးရသည့် တာဝန်ကို လည်းကောင်း ထမ်းဆောင်လျက်ရှိပြီး အဆိုပါတာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့်ကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက် ရှိကြပါကြောင်း၊ ထို့ကြောင့်ကော်မတီများသည် လွှတ်တော်၏ အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိပါကြောင်း၊ အထူးသဖြင့် အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများနှင့် မူးယစ်ဆေးဝါးဆိုင်ရာ တည်ဆဲဥပဒေများကို လိုအပ်ပါက ပြင်ဆင်၊ ဖြည့်စွက်နိုင်ရေး စိစစ်လေ့လာလျက်ရှိပါကြောင်း၊ ယခုတက်ရောက်လာသူများသည် ဥပဒေများနှင့် ရင်းနှီးကျွမ်းဝင်သူများဖြစ်၍ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များတွင် အကြံဉာဏ်များပြုနိုင်ပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း စွမ်းရည် မြင့်မားပြီး ပြည်သူကိုဗဟိုပြုသော ခေတ်မီလွှတ်တော်တစ်ရပ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကို ပြည်သူများပိုမိုသိရှိပြီး အားကိုးအားထားပြုသည့်မဏ္ဍိုင်ဖြစ်လာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ယနေ့လွှတ်တော်အစည်းအဝေးတွင် ပြည်သူများ၏အသံနှင့်ဆန္ဒများနှင့်စပ်လျဉ်း၍ မေးခွန်းများမေးမြန်းဆောင်ရွက်နေမှုများကို ကိုယ်တိုင်ကိုယ်ကျမြင်တွေ့ခွင့်ရသည့်အတွက် လွှတ်တော်သည် ပြည်သူနှင့်တစ်သားတည်းရှိသည်ကို တွေ့ရှိရသဖြင့် အားရကျေနပ်မိပါကြောင်း၊ ပွင့်လင်းမြင်သာပြီး ဒီမိုကရေစီနည်းလမ်းကျစွာ ဆောင်ရွက်နေမှုများသည် အရွေ့တစ်ခုသို့ ရောက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ လွှတ်တော်သည် ပြည်သူများအတွက် အရေးကြီးသည့်မဏ္ဍိုင်တစ်ခုဖြစ်ပြီး လာရောက်လေ့လာသင့်သည့် နေရာတစ်ခုဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**